သတင်းထုတ်ပြန်ချက်

# ကမ္ဘောဇဘဏ်နှင့် ရိုးမဘဏ်တို့သည် မြန်မာနိုင်ငံ၏ ပထမဆုံးမှတ်ကျောက်တင်မည့် REPURCHASE AGREEMENT (REPO) တွင် စတင်ပါဝင်

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်** - မြန်မာနိုင်ငံ၏ပထမဆုံး Repo Settlement ရောင်းဝယ်မှုတွင် ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ်တို့က စတင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ပြန်လည်ဝယ်ယူမှုသဘောတူညီချက် Repurchase Agreement (Repo) သို့မဟုတ် Securities Lending သည် အစိုးရငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ခွင့်ရသူများ/လက်ဝယ်ပိုင်ဆိုင်သူများအတွက် ကာလတိုချေးယူမှုပုံစံ ဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ်ရောင်းချခြင်းနှင့် အနာဂတ်တွင် ပြန်လည်ဝယ်ယူရန် သဘောတူညီခြင်းကို Repo ဟုခေါ်ပါသည်။ Dealer သည် အစိုးရငွေချေးသက်သေခံလက်မှတ်များကို အခြားတစ်ဦးထံသို့ ကာလတိုအတွက် ရောင်းချနိုင်ပြီး သဘောတူထားသည့် သတ်မှတ်ရက်တွင် ပြန်လည်ဝယ်ယူနိုင်သည်။ ဝယ်ယူသူမှလည်း ၎င်းဝယ်ယူထားသည့် ငွေချေးသက်သေခံလက်မှတ်များကို အနာဂတ်တွင် ရောင်းချသူထံ ပြန်လည်ရောင်းချရန် သဘောတူညီပြီးဖြစ်သည့်အတွက် ယင်းသည် တစ်ကျော့ပြန် ပြန်လည်ဝယ်ယူမှုသဘောတူညီချက်ဖြစ်သည်။

ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ်တို့သည် CBM Net မှတစ်ဆင့် ယင်းအရောင်းအဝယ်တွင်ပါဝင်သော ငွေပေးချေမှုအား ပထမဆုံးအရောင်းအဝယ်အဖြစ် ငွေကျပ် သန်း(၁၀၀၀) ကို Overnight ဖြင့် လည်းကောင်း၊ ငွေကျပ်သန်း (၅၀၀) ကို သီတင်းပတ်(၁)ပတ်တာကာလဖြင့်လည်းကောင်း အသီးသီးဖြင့် စမ်းသပ်ပြီးဖြစ်သည်။ CBM Net သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာရင်းရှင်းလင်းမှုနှင့် ငွေပေးချေမှုစနစ်သစ်ဖြစ်ပြီး Real-time gross settlement system (RTGS) နှင့်အတူ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍကို ပံ့ပိုးပေးနေခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်လီမိတက် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဌာန၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းလွင်က "Repo Trade များကို စတင်ခြင်းသည် မြန်မာ့ဘဏ်လုပ်ငန်းနဲ့ ငွေကြေးဈေးကွက် တိုးတက်မှုအတွက် မှတ်ကျောက်တစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကျွန်တော်တို့၏ ပြည်တွင်းမိတ်ဖက် ဘဏ်တစ်ခုဖြစ်သည့် ရိုးမဘဏ်တို့၏ ကူညီပူးပေါင်းမှုကြောင့် မြန်မာ့ဘဏ္ဍာရေးဈေးကွက်တွင် interbank lending transaction များအတွက် ငွေရေးကြေးရေးစီးဆင်းလွယ်ကူမှု (liquidity) နှင့် တစ်မူထူးခြားသည့် ရင်းနှီးမြှုပ်နှံမှုပုံစံသစ်ကို စတင်လုပ် ဆောင်ခွင့် ရရှိလာမည်ဖြစ်သဖြင့် အလွန်ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၏ အရာထမ်းဝန်ထမ်းများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အားလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ Repo များသည် လက်ရှိငွေကြေးဈေးကွက်ဖြင့်နှိုင်းယှဉ်လျှင် ပိုမိုကျယ်ပြန့်သည့် အခန်းကဏ္ဍများ ပါဝင်လာမည် ဖြစ်ပါကြောင်း၊ Repo၏ စည်းမျဉ်းစည်းကမ်းများကိုလည်း (Cash Flow) အပြောင်းအလဲ ပေါ်မူတည်၍ တိုးနိုင်လျော့နိုင်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့အပြင် Repo သည် Future Derivative များဖြစ်သော

Hedge ၊ Arbitrage နှင့် Interest Rate SWAP သို့မဟုတ် Bond Future ကဲ့သို့သော နည်းလမ်းများဖြင့်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။

ယခုကဲ့သို့ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးလာမှုကို ရိုးမဘဏ်၏ ဘဏ္ဍာရေးအရာရှိချုပ် Vijay Maheshwari မှလည်း "မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးလုပ်ငန်းနယ်ပယ်စနစ်တွင် သိသာထင်ရှားသည့် ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ ရိုးမဘဏ်အနေဖြင့် ယခုကဲ့သို့ ပထမဆုံးရောင်းဝယ်မှုမှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါသည်။ Repo သည် မြန်မာနိုင်ငံတွင် အားကောင်းတဲ့ဘဏ္ဍာရေးစနစ်တစ်ခု ပေါ်ထွက်လာရန်အရေးကြီးသည့်ကိရိယာတစ်ခုဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် Repo သည် ငွေရေးကြေးရေးစနစ်အတွင်း ထိရောက်သည့်ငွေသား လည်ပတ်စီးဆင်းမှုဖြစ်လာစေရန် ဦးတည်ပေးနိုင်သောကြောင့် ဖြစ်ပါကြောင်း၊ စမ်းသပ်ရောင်းဝယ်မှု အကောင်အထည်ဖော်ဖြစ်မြောက်ရန်နှင့် စီစဉ်ဆောင်ရွက်ရန် ကမ္ဘောဇဘဏ်နှင့် ရိုးမဘဏ်တို့၏ Treasury Team တို့မှ အတူတကွ ကြိုးစားခဲ့နိုင်ခြင်းကြောင့် သိသာထင်ရှားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ဘဏ်များစွာအနက် ယခုကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခွင့်ရစေရန် လမ်းညွှန်ပေးခဲ့သော လိုအပ်ချက်များအား ကူညီထောက်ပံ့ပေးခဲ့သည့် ဗဟိုဘဏ်ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း" ပြောကြားခဲ့ပါသည်။

###

**ကမ္ဘောဇဘဏ်အကြောင်း**

၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံရှိ အကြီးဆုံးပုဂ္ဂလိကဘဏ်ဖြစ်ပြီး၊ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာ ကိုယ်စားလှယ်ရုံးများ ပထမဦးဆုံးဖွင့်လှစ်ကာ နိုင်ငံတကာဈေးကွက်သို့ ဖြန့်ကျက်နိုင်ခဲ့ပါသည်။

နိုင်ငံတစ်ဝန်း၌ ဘဏ်ခွဲပေါင်း ၄၇၅ ကျော်တွင် ဝန်ထမ်းပေါင်း ၁၈၀၀၀ ဖြင့် လည်ပတ်နေပြီး၊ Retail နှင့် commercial banking ပိုင်းတွင် ဈေးကွက်ရှယ်ယာ ၄၀% ရရှိထားပါသည်။ ကမ္ဘောဇဘဏ်သည် ဒစ်ဂျစ်တယ်ခေတ်သို့ ကူးပြောင်းလာနေသည့် မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ၏ အခြေအနေသစ်များအား ကောင်းမွန်စွာ သိရှိနားလည်ကာ နိုင်ငံ၏ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသော ငွေကြေးဝန်ဆောင်မှုစနစ်ကို ဦးဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပွင့်လင်းလာသည်နှင့်အမျှ ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ လျင်မြန်စွာဖွံ့ဖြိုးလျက်ရှိသော မြို့ပြဒေသများ၊ စွန့်ဦးတီထွင်သူများနှင့် ပြည်တွင်းအဖွဲ့အစည်းများအကြား အရေးပါသော ပေါင်းကူတံတားတစ်ခုအဖြစ် ရပ်တည်ကာ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူများနှင့် ထပ်မံလက်တွဲလုပ်ဆောင်နိုင်မည့် စိတ်လှုပ်ရှားဖွယ် အခွင့်အရေးအတွက် စိတ်အားထက်သန်လျက်ရှိပါသည်။

**ရိုးမဘဏ်အကြောင်း**

၁၉၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် ရိုးမဘဏ်သည် မြန်မာနိုင်ငံတွင် အတိုးတက်ဆုံးသော ပြည်တွင်းပုဂ္ဂလိက ဘဏ်တစ်ခုဖြစ်သည်။ နှစ်အနည်းငယ်ကြာပြီးနောက်မှာပင် ရိုးမဘဏ်သည် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ ကော်ပိုရိတ်အုပ်ချုပ်ရေး စသည့် အဓိကကျသည့်အခန်းကဏ္ဍများတွင် မဟာဗျူဟာကျသော ရင်းနှီးမြှုပ်နှံမှုများကို သိသာစွာ လုပ်ကိုင်ခဲ့သည်။

လက်ရှိတွင် ရိုးမဘဏ်သည် တန်ဖိုးအားဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်များစာရင်းတွင် နံပါတ် (၄) နေရာ၌ ရပ်တည်နေပြီး ဝန်ထမ်းပေါင်း ၃၀၀၀ ခန့်ရှိကာ နိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲပေါင်း ၆၅ ဘဏ်ကို ဖွင့်လှစ်ထားသည်။ ၂၀၁၄ ခုနှစ်တွင် ရိုးမဘဏ်သည် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းဖြစ်သော International Finance Corporation (IFC) မှ ပထမဆုံး တိုက်ရိုက်ရင်းနှီးမြှုပ်နှံသော ဘဏ်တစ်ခု ဖြစ်လာပြီး Credit Risk Management ၊ Finance ၊ Treasury ၊ Product Development တို့ကို အဆင့်မြှင့်တင်ရန်၊ New Core Banking System ကို အသုံးပြုနိုင်ရန် IFC ၏ သုံးနှစ်တာကာလအတွက် အကြံပေးမှုများ ပြုလုပ်သည့်အကူအညီကို ရရှိခဲ့သည်။ ထို့ပြင် ဂျာမနီနိုင်ငံ ဖွံ့ဖြိုးရေးအေဂျင်စီတစ်ခုဖြစ်သော GIZ မှလည်း နည်းပညာအထောက်အကူများ ရရှိခဲ့ပြီး အသေးစားအလတ်စားလုပ်ငန်းများသို့ ချေးငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ တိုးတက်မှုများ ရရှိခဲ့ပြီး လုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဆက်သွယ်ရေးကုမ္ပဏီ တယ်လီနောနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ တစ်ဝန်းသို့ ဒစ်ဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် Wave Money ကို ပူးတွဲတည်ထောင်ခဲ့သည်။ ရိုးမဘဏ်သည် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် LIFT နှင့် လက်တွဲ၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးတွင် အဓိကကျသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် လယ်ယာစီးပွားကဏ္ဍအတွက်လည်း တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ယင်းလယ်ယာ စီးပွားကဏ္ဍအတွက် နယ်သာလန်နိုင်ငံမှ Rabo Bank ကလည်း နည်းပညာအထောက်အပံ့များ ကူညီလျက်ရှိသည်။ ရိုးမဘဏ်သည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**မီဒီယာမေးခွန်းများ မေးမြန်းလိုပါက**

**Yoma Bank media enquires**

May Oo

Deputy Head of Communication and Marketing, Yoma Bank.

Mobile +95 9 771 000 071

Email mayoo@yomabank.com

**KBZ Bank media enquires**

Echo Myanmar

KhaingZar Su (Esther) | Account Manager

+95 92019352

esther@echomyanmar.com